# ၁၉၇၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ
# အရ-အသုံးဆိုင်ရာဥပဒေ

# ၁၉၇၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာ ဥပဒေ

[၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂။]

## နိဒါန်း

ရငွေများကို စည်းကြပ်ကောက်ခံ ရရှိနိုင်ရန်အတွက် လည်းကောင်း၊ ၁၉၇၇-၇၈ ခု ဘဏ္ဍာရေးနှစ်အတွင်း သုံးငွေများကို သုံးစွဲနိုင်ရန် အတွက်လည်းကောင်း၊ ဘဏ္ဍာငွေများလိုအပ်လာလျှင် ရှာဖွေဖြည့်တင်းနိုင်ရန်အတွက်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေပါပုဒ်မ ၂ မှ ၁၉ အထိသည် ၁၉၇၇-၇၈ ခု ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၇ ခုနှစ်၊ ဧပြီလ ၁ ရက် နေ့မှစတင် အာဏာတည်ရမည်၊

(ဂ) ဤဥပဒေပါ ပုဒ်မ ၂၀ သည် ၁၉၇၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

## အပိုင်း ၂

## ဘဏ္ဍာရေးပုံငွေ

### ပြည်ထောင်စု၏ ဘဏ္ဍာရေးပုံငွေနှင့် နိုင်ငံတော်၏အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးပုံငွေ

၂။ (က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တဝန်းလုံး၏ငွေအဝင်နှင့်အထွက်ကိုစာရင်းပြုစုရန်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာရေးပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်၊

(ခ) နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးပုံငွေစာရင်းတွင် ဖော်ပြရမည်။

## အပိုင်း ၃

## နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန များနှင့် ဦးစီးဌာနများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၃။ (က) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့် ,ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအတွက် ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်း

ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်၏အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၇-၇၈ ခုနှစ်အတွက်ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၇-၇၈ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)

## သီးသန့်ရံပုံငွေ

၅။ (က) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည်၊ ဇယား ၄၊ စာတိုင် ၄ တွင် ဖော်ပြထားသောသီးသန့်ရံပုံငွေမှ ကျခံသုံးစွဲခြင်းကို

အောက်ပါ စည်းကမ်းချက် များနှင့် အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်—

(၁) ကြိုတင် မမျှော်မှန်းနိုင်သောအသုံးစရိတ် ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့်ကိစ္စ ဖြစ်ခြင်း၊

(၃) ရှိရင်းစွဲဥပဒေ၊ နည်းဥပဒေနှင့်စည်းမျဉ်း စည်းကမ်း များအရ၊ ခေါင်းစဉ် လွှဲပြောင်းကျခံရန် မဖြစ်နိုင် ခြင်း၊ သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန် အတွက် ရံပုံငွေမရှိခြင်း၊

(ခ) သီးသန့်ရံပုံငွေမှ ကျခံသုံးစွဲခြင်းကို ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ် ချက်အရသာ ခွင့်ပြုရမည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် သီးသန့်ရံပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စ ရပ်များကို၊ ကိစ္စတရပ်ချင်း ကျိုးကြောင်း ပေါ်ပြချက် များနှင့်အတူ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့တင်ပြ ရမည်။

## အခန်း (၃)

## ငွေချေးယူခြင်း

၆။ (က) ဝန်ကြီးအဖွဲ့သည်၊ ၁၉၇၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၇၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသည့်ဘဏ္ဍာ ရေးနှစ်အတွင်း ကျပ်ငွေ၊ နိုင်ငံခြားငွေတို့ဖြင့် ပေါ်ပေါက် မည့် လိုအပ်ငွေများကို ချေးငွေဖြင့် ရှာဖွေဖြည့်တင်းနိုင်

ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးအား လိုအပ်သော သတ်မှတ်ချက်များနှင့်အညီ လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ချေးငွေဖြင့်ရှာဖွေဖြည့်တင်းရာ၌ ပုဒ်မခွဲ(က)တွင် ဖော်ပြသည့် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်တာများအတွက် ကျပ်နှစ်ရာငါးဆယ် ကုဋေပမာဏထက် မပိုစေရ။

၇။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံ စာချုပ်များရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ (က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်းစီမံကိန်းများ အတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ၊ နိုင်ငံတော်က တာဝန်ယူသည့်ငွေချေး စာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ယင်းသို့ ချေးငွေရယူသည့်အခါ မိမိသင့်သည်ထင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ချေးယူရရှိသည့် ငွေကို နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်းများသို့ သင့်လျော်သောစည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးနိုင်သည်။

၉။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်း စီမံချက်များအတွက် သော်လည်း

ကောင်း၊ နိုင်ငံတော်၏ ရ–သုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ် အတွက် သော်လည်းကောင်း ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။

၁၀။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စားအာမခံချက် ပေးနိုင်သည်။

ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်များ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဇယား (၁)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ငွေရေးကြေးရေးရငွေ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပချေးငွေများ | ပြည်ပအကူအညီ ထောက်ပံ့ငွေ | အတိုးနှင့်ကြွေးမြီရငွေ | ရင်းနှီးမြှုပ်နှံငွေမှရငွေ | ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေမှပြန်ဆပ်ငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၊ သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ | | ၁၆,၁၀၀ | | | | | | | |
| ၂ | နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်များ | ၎င်း | | ၁၈,၂၅,၉၉၀ | | | | | | | |
| ၃ | ဝန်ကြီးအဖွဲ့ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | ၂,၀၀၀ | | | | | | | |
| ၄ | ပြည်သူ့တရားသူကြီးအဖွဲ့ | ပြည်သူ့ တရားသူကြီး အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | ၁,၂၉,၆၆,၉၀၀ | | | | | | | |
| ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ | ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | | ၂၀၀ | | | | | | | |
| ၆ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ | ပြည်သူ့ လုပ်ငန်း စစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | ၂,၀၉,၀၈၀ | | | | | | | |
| | ပေါင်း | | | ၁,၅၀,၂၀,၂၇၀ | | | | | | | |

ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်များ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဇယား (၂)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ငွေရေးကြေးရေးသုံးငွေ | | | |
| | | | | | | အတိုးနှင့်ကြွေးမြီ ထုတ်ပေးငွေ | ရင်းနှီးမြှုပ်နှံငွေ | ချေးငွေနှင့်ကြိုတင် ထုတ်ပေးငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၊ သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ | ၃,၂၀,၆၇,၇၁၀ | | ၄,၆၅,၆၃၀ | | | | |
| ၂ | နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်များ | ၎င်း | ၂၇,၉၈,၅၈,၂၉၀ | | ၃,၅၆,၈၇,၅၀၀ | | | | |
| ၃ | ဝန်ကြီးအဖွဲ့ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၈,၅၇,၄၁၀ | | ၇၂,၁၅၀ | | | | |
| ၄ | ပြည်သူ့တရားသူကြီးအဖွဲ့ | ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂,၄၆,၂၃,၇၅၀ | | ၃,၃၄,၆၆၀ | | | | |
| ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ | ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၀၃,၁၅,၃၁၀ | | ၁,၂၅,၃၃၀ | | | | |
| ၆ | ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂,၀၆,၁၁,၄၇၀ | | ၄၉,၀၃,၇၁၀ | | | | |
| | ပေါင်း | | ၃၇,၀၃,၃၃,၉၄၀ | | ၄,၁၅,၀၀,၉၀၀ | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ငွေရေးကြေးရေးရငွေ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အနှုန်းအကောက် | အခြားသာမန်ရငွေ | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေများ | ငွေလုံးငွေရင်းရငွေ | ပြည်ပချေးငွေများ | ပြည်ပအကူအညီ ထောက်ပံ့ငွေ | အတိုးနှင့်ကြွေးပြန်ရငွေ | ရင်းနှီးမြှုပ်နှံငွေမှရငွေ | ချေးငွေနှင့်ကြိုတင်ထုတ် ပေးငွေမှ ပြန်ဆပ်ငွေ | ရဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်တွင်းယွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | | | | | | | | |
| ၁ | နိုင်ငံတွင်း အကောက်ခွန် | | ၁,၀၀၁ | | | | | | | | | |
| ၂ | ယစ်မျိုးခွန် | | ၈၁,၆၂,၀၀၀ | | | | | | | | | |
| ၃ | ကုန်သွယ်လုပ်ငန်းခွန် | | | | | | | | | | | |
| ၄ | ဝင်ကုန်အတွက် လိုင်စင်ခများ | | ၅,၀၁,၀၀,၀၀၀ | | | | | | | | | |
| ၅ | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု | | ၄,၀၀,၀၀,၀၀၀ | | | | | | | | | |
| ၆ | သယ်ယူပို့ဆောင်ရေးအခွန် | | ၅၀,၁၅,၆၅၀ | | | | | | | | | |
| ၇ | ကုန်သည်နှင့် ဝန်ဆောင်မှုခွန် | | ၁,၉၈,၆၀,၀၀,၀၀၀ | | | | | | | | | |
| ၂ | ဝင်ငွေနှင့် ပိုင်ဆိုင်မှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ၎င်း | | | | | | | | | | |
| ၁ | ဝင်ငွေခွန် | | ( — ) ၇၅,၀၀,၅၀၀ | | | | | | | | | |
| ၂ | အမြတ်ခွန် | | ၁၃,၅၂,၆၁,၅၀၀ | | | | | | | | | |
| ၃ | အကောက်ခွန် | ၎င်း | | | | | | | | | | |
| ၁ | အကောက်ခွန် | | ၄၇,၀၈,၁၂,၃၀၀ | | | | | | | | | |
| ၄ | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | | | | | | | | | | |
| ၁ | မြေယာ ပေါ်တွင် ကောက်ခံသည့် အခွန် | | ၈,၀၀,၀၈,၀၀၀ | | | | | | | | | |
| ၂ | သစ်တောများမှပစ္စည်းများထုတ်ယူခြင်းအပေါ် ကောက်ခံသည့်အခွန် | | ၇,၅၀,၀၀,၀၀၀ | | | | | | | | | |
| ၃ | ဓါတ်သတ္တု ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၈၅,၈၇,၀၀၀ | | | | | | | | | |
| ၄ | အင်းလိုင်စင်ခွန် | | ၂,၆၅,၆၂,၀၀၁ | | | | | | | | | |
| ၅ | ကြက်ငှက်ငါးများပေါ်တွင် ကောက်ခံသည့်အခွန် | | ၁,၃၅,၀၀၀ | | | | | | | | | |
| ၆ | ဝါးများပေါ်တွင် ကောက်ခံသည့် အခွန် | | ၅၀၀ | | | | | | | | | |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | နိုင်ငံတော်၏စီးပွါးရေးအဖွဲ့အစည်းများမှရငွေများ | ငွေလုံးငွေရင်းရငွေ | ပြည်ပချေးငွေများ | ပြည်ပအကူအညီထောက်ပံ့ငွေ | ငွေရေးကြေးရေးရငွေ | | | |
| | | | | | | | | | အတိုးနှင့်ကြွေးမြီရငွေ | ရင်းနှီးမြှုပ်နှံငွေမှရငွေ | ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၅ | နိုင်ငံခြားရေး | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | ၇၀,၀၀၀ | | ၅၇,၉၀၀ | | | | | | |
| ၆ | ကာကွယ်ရေး | ၎င်း | | ၂,၁၁,၉၀,၀၀၀ | | | | | | | | |
| ၇ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | | ၁,၃၂,၉၉,၆၁၀ | | | | ၃၀,၈၀,၀၀၀ | | | | |
| ၈ | လူမှုဝန်ထမ်း | ၎င်း | | ၅,၉၄,၀၃၀ | | | | ၂၀,၄၀,၀၀၀ | | | | |
| ၉ | မြန်ကြားရေး | ၎င်း | | ၂,၆၀,၇၀၀ | | | | | | | | |
| ၁၀ | ယဉ်ကျေးမှု | ၎င်း | | ၅,၉၀,၆၄၀ | | | | | | | | |
| ၁၁ | ပညာရေး | ၎င်း | | ၃,၂၆,၃၄,၇၇၀ | | | | ၆၀,၄၆,၀၀၀ | ၃,၃၀၀ | | | |
| ၁၂ | ကျန်းမာရေး | ၎င်း | | ၃၀,၃၁,၉၂၀ | | | | ၅,၉၉,၄၉,၀၀၀ | | | | |
| ၁၃ | အလုပ်သမား | ၎င်း | | ၄,၇၉၀ | | | | ၁,၁၉,၀၀၀ | | | | |
| ၁၄ | လယ်ယာနှင့် သစ်တော | ၎င်း | | ၁၁,၇၂,၁၀,၇၅၀ | | ၁,၀၀,၀၀၀ | ၂၁,၇၉,၀၆,၀၀၀ | ၅၀,၅၆,၀၀၀ | | | | |
| ၁၅ | သတ္တုတွင်း | ၎င်း | | ၃၀,၁၀၀ | | | | ၇၂,၈၀,၀၀၀ | | | | |
| ၁၆ | စက်မှု (၁) | ၎င်း | | ၂,၀၄,၅၀၀ | | | | | | | | |
| ၁၇ | စက်မှု (၂) | ၎င်း | | ၇၀၀ | | | | | | | | |
| ၁၈ | ဆောက်လုပ်ရေး | ၎င်း | | ၁,၂၂,၅၁,၉၉၀ | | | | ၄,၆၅,၀၀၀ | ၂,၀၀,၀၀၀ | | ၄,၀၀,၀၀၀ | |
| ၁၉ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | | ၉၉,၃၀,၄၇၀ | | | ၂၆,၅၄,၀၀၀ | ၁,၀၀,၃၃,၀၀၀ | | | | |
| ၂၀ | ကုန်သွယ်ရေး | ၎င်း | | ၃၅,၂၃,၂၉၀ | | ၁၀၀ | | | | | | |
| ၂၁ | သမဝါယမ | ၎င်း | | ၃၀,၆၉,၁၄၀ | | | | | | | | |
| ၂၂ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | | ၃,၀၀,၀၉,၅၂၀ | ၄၅,၆၉,၀၁,၀၀၀ | | ၅,၄၆,၅၀,၀၀၀ | ၆,၉၇,၀၀၀ | ၁၀,၇၀,၀၄,၁၀၀ | ၅,၀၀,၀၀၀ | ၁,၃၃,၅၂,၀၀၀ | |
| ၂၃ | ပင်ရှင်လစာငွေများနှင့် ဆုငွေများ | ၎င်း | | ၁,၅၀,၀၀၀ | | | | | | | | |
| ၂၄ | ဆုငွေများနှင့် တလုံးတည်း ပင်ရှင်ငွေများ | ၎င်း | | | | | | | | | | |
| | ပေါင်း | | ၂,၀၇,၀၀,၃၆,၄၅၀ | ၂၄,၉၀,၅၇,၇၂၀ | ၄၅,၆၉,၀၁,၀၀၀ | ၁,၅၀,၀၀၀ | ၂၇,၅၂,၉၀,၀၀၀ | ၉,၇၁,၀၁,၀၀၀ | ၁၀,၇၂,၀၇,၄၀၀ | ၅,၀၀,၀၀၀ | ၁,၃၇,၅၂,၀၀၀ | |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ငွေရေးကြေးရေးသုံးငွေ | | | |
| | | | | | | အတိုးနှင့်ကြွေးမြီ ထုတ်ပေးငွေ | ရင်းနှီးမြှုပ်နှံငွေ | ချေးငွေနှင့်ကြိုတင် ထုတ်ပေးငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂,၉၅,၂၅,၉၉၀ | ၈,၁၂,၀၀၀ | ၂၇,၇၀,၀၀၀ | | | | |
| ၂ | ကာကွယ်ရေး | ၎င်း | ၉၉,၆၆,၈၁,၁၅၀ | | ၉,၀၀,၀၀,၀၀၀ | | | | |
| ၃ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | ၂၆,၃၁,၈၂,၈၄၀ | ၁,၀၃,၆၀,၆၀၀ | ၁,၅၂,၂၃,၈၂၀ | | | | |
| ၄ | လူမှုဝန်ထမ်း | ၎င်း | ၁,၃၂,၈၁,၁၀၀ | ၂၂,၄၁,၀၀၀ | ၂,၃၄,၉၈၀ | | | | |
| ၅ | ပြန်ကြားရေး | ၎င်း | ၆၆,၃၂,၉၀၀ | | ၃,၆၄,၇၀၀ | | | | |
| ၆ | ယဉ်ကျေးမှု | ၎င်း | ၆၀,၇၉,၀၀၀ | ၂၀,၀၀၀ | ၇,၃၉,၀၄၀ | | | | |
| ၇ | ပညာရေး | ၎င်း | ၄၅,၁၁,၁၂,၂၉၀ | ၂,၇၂,၀၀၀ | ၁,၆၆,၇၇,၀၀၀ | | | | |
| ၈ | ကျန်းမာရေး | ၎င်း | ၂၂,၆၄,၂၁,၇၄၀ | ၃၂,၇၆,၅၆၀ | ၅,၉၂,၄၀,၀၀၀ | | | | |
| ၉ | အလုပ်သမား | ၎င်း | ၆၈,၃၇,၉၅၀ | ၁,၆၀,၀၀၀ | ၁,၅၄,၀၀၀ | | | | |
| ၁၀ | လယ်ယာနှင့် သစ်တော | ၎င်း | ၃၁,၄၂,၈၃,၀၀၀ | ၂,၉၂,၂၀၀ | ၃၂,၉၆,၉၃,၈၀၀ | ၁၇,၄၂,၀၀၀ | | | |
| ၁၁ | သတ္တုတွင်း | ၎င်း | ၁,၆၃,၀၂,၅၀၀ | | ၈၀,၀၀,၀၀၀ | | | | |
| ၁၂ | စက်မှု(၁) | ၎င်း | ၇၅,၉၄,၇၆၀ | | ၁၈,၉၅,၀၀၀ | | | | |
| ၁၃ | စက်မှု(၂) | ၎င်း | ၃,၈၈,၀၀၀ | | ၁၂,၀၀၀ | | | | |
| ၁၄ | ဆောက်လုပ်ရေး | ၎င်း | ၁၁,၄၆,၉၉,၉၀၀ | | ၃,၅၀,၀၀,၀၀၀ | | | ၁၅,၀၀,၀၀၀ | |
| ၁၅ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | ၃,၉၃,၅၈,၀၀၀ | ၈,၃၅,၀၃၀ | ၂,၄၈,၈၇,၆၂၀ | | | | |
| ၁၆ | ကုန်သွယ်ရေး | ၎င်း | ၁,၃၃,၅၁,၁၅၀ | ၁,၅၀,၀၀၀ | ၇၅,၀၀၀ | | | | |
| ၁၇ | သမဝါယမ | ၎င်း | ၆,၁၂,၀၀,၀၀၀ | | ၈,၃၁,၉၈၀ | | | | |
| ၁၈ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | ၅,၁၃,၆၃,၉၅၀ | ၂၉,၅၃,၄၇၀ | ၁၈,၉၉,၀၇၀ | ၂၈,၉၇,၉၃,၅၀၀ | ၂,၈၈,၂၇,၁၂၀ | | ၂,၉၂,၀၀,၀၀၀ |
| ၁၉ | ပင်ရှင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၁၈,၂၄,၃၆,၅၀၀ | | | | | | |
| ၂၀ | ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ | ၎င်း | ၇,၂၈,၃၀,၀၀၀ | | | | | | |
| ၂၁ | သီးသန့်ရံပုံငွေ | ဤရံပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရှိသော နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်း၏ ဇယား(၁)၊(၂)နှင့်(၃) တို့တွင် ဖော်ပြထားသောတာဝန်ခံ၊ သို့မဟုတ် ယင်းပုဂ္ဂိုလ်က တာဝန်ပေးသူ | ၁၀,၀၀,၀၀,၀၀၀ | | | | | | |
| | ပေါင်း | | ၂,၉၇,၃၅,၆၂,၇၂၀ | ၂,၁၃,၇၂,၈၆၀ | ၅၈,၇၆,၉၈,၀၁၀ | ၂၉,၁၅,၃၅,၅၀၀ | ၂,၈၈,၂၇,၁၂၀ | ၁၅,၀၀,၀၀၀ | ၂,၉၂,၀၀,၀၀၀ |

# အပိုင်း ၄

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၁၁။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရမိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများသည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်၊

(ဂ) နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့်ပုဂ္ဂိုလ် ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲရာတွင် ဇယား (၅)နှင့်(၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံရသည့် ပုဂ္ဂိုလ်၏အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၂။ (က) ဝန်ကြီးအဖွဲ့သည်၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့်(၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲ ပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည်၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများအတွက် နိုင်ငံတော်က စိုက်ထားသောငွေကိုဖြစ်စေ၊ ထုတ်ချေးထားသောငွေကိုဖြစ်စေ၊ ထောက်ပံ့ထားသောငွေကိုဖြစ်စေ အကျိုးတူရင်းနှီးမြှုပ်နှံမှု မ တည်ငွေအဖြစ် ပြောင်းလဲရန်လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည်၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်၊

(ဃ) ဝန်ကြီးအဖွဲ့သည်၊ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းရည်မှန်းချက်များနှင့်အညီစီးပွားရေးဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်ကြရာ၌ အခြေပြုနိုင်ရန် ယင်းအဖွဲ့အစည်းအသီးသီးအတွက် လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကို သတ်မှတ်ပေးနိုင်သည်၊

(င) ဝန်ကြီးအဖွဲ့သည်၊ နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများ၏ ကုန်ပစ္စည်း ဈေးနှုန်းများနှင့် ဝန်ဆောင်ခနှုန်းထားများကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်၊

(စ) ဝန်ကြီးအဖွဲ့သည်၊ ထောက်ပံ့ငွေလိုသော နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအား လိုအပ်သောစည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဆ) ဝန်ကြီးအဖွဲ့သည်၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဇ) ပုဒ်မခွဲ (ဆ) ပါ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းဆိုသည့်စကားရပ်တွင် ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမပါဝင်စေရ၊

(ဈ) ဝန်ကြီးအဖွဲ့သည်၊ ပုဒ်မခွဲ (ဆ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း (၃)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၃။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းလဲနိုင်သည်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအသီးသီးသည် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ) အရ ချေးယူလိုလျှင်၊ ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက် မကျော်လွန်ပဲ ချေးယူနိုင်သည်။

၁၄။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၇-၇၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

ဇယား (၅)

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | မြည်ဝေ့ငွေများ | မြည်ပအကူအညီ ထောက်ပံ့မှု | ငွေရေးကြေးရေးရငွေ | | | |
| | | | | | | | | အတိုးနှင့်ကြေးမြီရငွေ | ရင်းနှီးမြှုပ်နှံငွေမှရငွေ | ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ် စသည့် အဖွဲ့အစည်းများ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | ၁၄,၇၂,၄၅,၅၄,၀၀၀ | ၃၃,၂၅,၇၇,၀၀၀ | ၉၆,၆၀,၃၆,၀၀၀ | ၈,၇၁,၄၁,၀၀၀ | ၂၅,၀၀,၀၀၀ | | ၂,၉၃,၀၇,၉၀၀ | |
| | ပေါင်း | | | ၁၄,၇၂,၄၅,၅၄,၀၀၀ | ၃၃,၂၅,၇၇,၀၀၀ | ၉၆,၆၀,၃၆,၀၀၀ | ၈,၇၁,၄၁,၀၀၀ | ၂၅,၀၀,၀၀၀ | | ၂,၉၃,၀၇,၉၀၀ | |

ဇယား (၆)

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ်စသည့်အဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | အာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ငွေရေးကြေးရေးသုံးငွေ | | | |
| | | | | | | အတိုးနှင့်ကြွေးမြီထုတ်ပေးငွေ | ရင်းနှီးမြှုပ်နှံငွေ | ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၃,၁၆,၆၀,၈၀,၀၀၀ | | ၂,၅၉,၁၀,၆၀,၂၄၀ | ၂၄,၄၄,၄၄,၅၀၀ | | ၁၄,၀၅,၃၁,၃၀၀ | |
| | ပေါင်း | | ၁၃,၁၆,၆၀,၈၀,၀၀၀ | | ၂,၅၉,၁၀,၆၀,၂၄၀ | ၂၄,၄၄,၄၄,၅၀၀ | | ၁၄,၀၅,၃၁,၃၀၀ | |

# အပိုင်း ၅

## စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၁၅။ (က) စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၇)နှင့်(ဂ)တို့တွင် ဖော်ပြထားသော ငွေများသည် စည်ပင်သာယာရေးအဖွဲ့များက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်၊

(ဂ) စည်ပင်သာယာရေး အဖွဲ့များအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇)နှင့်(ဂ) တို့တွင်ဖော်ပြထားသည့် ပုဂ္ဂိုလ်ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ စည်ပင်သာယာရေးအဖွဲ့များသည် ပုဒ်မခွဲ(က) ပါ-ပြဋ္ဌာန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲရာတွင် ဇယား (၇)နှင့်(၈) တို့တွင်ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံရသည့် ပုဂ္ဂိုလ်၏အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်၍ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၆။ (က) ဝန်ကြီးအဖွဲ့သည်၊ စည်ပင်သာယာရေးအဖွဲ့များ၏လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည်၊ ထောက်ပံ့ငွေလိုသော စည်ပင်သာယာရေး အဖွဲ့အား လိုအပ်သော စည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည်၊ စည်ပင်သာယာရေးအဖွဲ့များက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဃ) ဝန်ကြီးအဖွဲ့သည်၊ ပုဒ်မခွဲ (ဂ)ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးအား အပ်နှင်းနိုင်သည်။

# အခန်း (၃)

## စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၇။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၇)နှင့်(ဂ) တို့တွင်ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၇) နှင့် (ဂ)တို့တွင်ဖော်ပြထားသောငွေများကို စည်ပင်သာယာရေး အဖွဲ့များက မိမိတို့ လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့်ပြောင်းလဲနိုင်သည်၊

(ဂ) စည်ပင်သာယာရေးအဖွဲ့အသီးသီးသည် ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ) အရ ချေးယူလိုလျှင်၊ ဝန်ကြီးအဖွဲ့ကသတ်မှတ်ပေးသည့်ငွေထက်မကျော်လွန်ပဲချေးယူနိုင်သည်။

၁၈။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား(၇)နှင့် (ဂ)တို့တွင်ဖော်ပြထားသော ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့တင်ပြသော ၁၉၇၇-၇၈ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း များတွင် ကျိုးကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာကောက်ခံနိုင်သည်။

# စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပချေးငွေများ | ပြည်ပအကူအညီထောက်ပံ့ငွေ | ငွေရေးကြေးရေးရငွေ | | | |
| | | | | | | | | အတိုးနှင့်ကြေးမြီရငွေ | ရင်းနှီးမြှုပ်နှံငွေမှရငွေ | ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိစည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅,၀၇,၃၁,၅၂၈ | ၆,၀၄,၃၀,၅၇၀ | | ၂,၅၀,၀၀,၀၀၀ | | | | | |
| ၂ | ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၁,၈၀,၀၀၀ | ၁၄,၂၀,၁၀၀ | | | | | | | |
| | ပေါင်း | | ၅,၀၉,၁၁,၃၂၈ | ၆,၁၈,၅၀,၆၇၀ | | ၂,၅၀,၀၀,၀၀၀ | | | | | |

A—7

# စည်ပင်သာယာရေးအဖွဲ့များ

ဇယား (ဂ)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | အတိုးနှင့်ကြွေးမြီ တုတ်ပေးငွေ | ငွေရေးကြေးရေးသုံးငွေ | | |
| | | | | | | | ရှင်းနိုးမြို့စိုက်ငွေ | ချေးငွေနှင့်ကြိုတင် ထုတ်ပေးငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉,၃၂,၂၂,၁၀၀ | ၄၈,၀၀၀ | ၅,၇၃,၄၄,၆၈၀ | ၄,၂၇,၃၀၀ | | | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၁၄,၀၂,၄၀၁ | | ၈၄,၃၂၀ | | | | |
| | ပေါင်း | | ၉,၄၆,၂၄,၅၀၀ | ၄၈,၀၀၀ | ၅,၇၂,၂၉,၀၀၀ | ၄,၂၇,၃၀၀ | | | |

## အပိုင်း ၆

## အထွေထွေ

၁၉။ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရလျာထားသော ရငွေတို့ထက်တိုး၍၊ သို့မဟုတ် လျော့၍ရသော ရငွေများနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များ နှင့် ပ်လျဉ်း၍ သော်လည်းကောင်း၊ သီးသန့်ရံပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံး စရိတ်များနှင့်စပ်လျဉ်း၍ သော်လည်းကောင်း ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်၏ နောက်ဆက် ရငွေ-သုံးငွေအစီ စ်တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၅ ၌ ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များ အတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရံပုံငွေနှင့် လုံလောက်ခြင်း မရှိပါက အသုံးစရိတ် တခုချင်းအတွက် ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ ပြည်သူ့ လွှတ်တော်သို့ တင်ပြတောင်းခံနိုင်သည်။

၂၀။ (က) ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရှုတ်တရက် အသုံးစရိတ် ရံပုံငွေအက်ဥပဒေကို ဤဥပဒေဖြင့်ရုပ်သိမ်း လိုက်သည်၊

(ခ) ယင်းသို့ရုပ်သိမ်းလိုက်သည့် အက်ဥပဒေအရ ထားရှိသော ရှုတ်တရက်အသုံးစရိတ်ရံပုံငွေကို နိုင်ငံတော်၏ အဖွဲ့အစည်း

များ၏ ဘဏ္ဍာရံပုံငွေစာရင်းသို့ လွှဲပြောင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ဂ) ရှိရင်းစွဲဥပဒေများတွင်ပါရှိသည့် "ရတ်တရက်အသုံးစရိတ်ရံပုံငွေ" ဟူသည့် စကားရပ်ကို "နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ဘဏ္ဍာရံပုံငွေ" ဟူသည့် စကားရပ်ဖြင့် အစားထိုးပြီးဖြစ်သည်ဟု မှတ်ယူရမည်။